ဟံသာဝတီဦးဝင်းတင်၏ အမှာ

## အရေးတော်ပုံနှင့် တော်လှန်စာနယ်ဇင်း

ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံကြီး ထမြောက်ပေါက်ကွဲခဲ့တာ ငွေရတုတိုင်ခဲ့ပါပြီ။ ဖြတ်သန်းခဲ့ရတဲ့ နှစ်ပေါင်းအစိတ်ကို ပြန်မျှော်မိတယ်။ ရင်ထဲ၊ ခေါင်းထဲမှာ လှိုက်လှဲဆူပွက်တုန်းပဲ။ ဖြစ်ပုံပျက်ပုံတွေကို ပြန်တွေးလိုက်တော့ အချို့ အထင်းသား၊ အချို့ မှုန်ဝါး။ ရင်ထဲမှာ အားလုံးခံစားလို့ရတယ်။ ခေါင်းထဲမှာ အားလုံး အားလုံး တွေးမြင်လို့ မရတော့။

ဒီစာအုပ်ကို ဖတ်လိုက်တယ်။ ကျွန်တော် အရေးတော်ပုံကြီးနဲ့ ပြန်တွေ့တယ်။ ပြန်ဆုံတယ်။ တည်းဖြတ်သူ ဝင်းဇော်လတ်က သူ့စာအုပ်ကို 'သတင်းစာတွေ ပြောတဲ့ ၈၈၈၈ အရေးတော်ပုံ'လို့ ကမ္ပည်းထိုးလိုက်တယ်။ ဒီမိုကရေစီ အရေးတော်ပုံကြီးတစ်ရပ် ဒေါမာန်ဟုန် ဒလစပ်နဲ့ ခေတ်ဆိုးခေတ်ကြပ်ကြီးကို ကျော်ဖြတ်နေချိန်၊ တစ်လောကလုံးပွက်လောရိုက်နေတယ်။ သတင်းစာတွေပြောတဲ့ အရေးတော်ပုံကာလကို ပြန်တွေ့လိုက်ရတော့လဲ အဲဒီကာလတစ်လျှောက်လုံး အုံကြွဆူဝေနေတယ်။ ဆူပူလောင်မြိုက်နေတဲ့ ပြိုကွဲလဲကြွေ ခေတ်ကာလနဲ့အတူ သတင်းစာတွေရဲ့ ဥပမိရုပ်ကိုလဲ ရုပ်ရှင်ပြကွက် ပုံရိပ်လွှာတွေလို ဖျတ်ခနဲ ဖျိုးခနဲ မြင်လိုက်ရတယ်။

ကျွန်တော့် စိတ်အာရုံထဲမှာ စာတမ်းတစ်ခု ပေါ်လာတယ်။ 'အာဏာဖီဆန် တော်လှန်သတင်းစာ လှုပ်ရှားမှု'။ ဒီစာတမ်းကို စာအုပ်အမည်မှာ အောက်ခြေမှတ်စုလိုဖြည့်ဆောင်းဖော်ပြချင်စိတ်ပေါ်မိတယ်။ ဒီစာအုပ်က အရေးတော်ပုံကြီးရဲ့ သမိုင်းတစ်စိတ်တစ်ဒေသ ရုပ်ပုံလွှာကို ပြောပြတယ်။ တစ်ချိန်တည်းမှာပဲ သတင်းစာတွေရဲ့ ရုန်းကန်လှုပ်ရှားမှု ဖျတ်ခနဲ ရုပ်ပုံလွှာကိုလဲ ပြောပြတယ်။

နှစ်ပေါင်း ၅၀ ကြာခဲ့ပြီ။ အဲဒီအချိန်က မြန်မာနိုင်ငံ သတင်းစာဆရာအသင်းတို့၊ မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီတို့မှာ ပါဝင်လှုပ်ရှားခဲ့တယ်။ အဖွဲ့အစည်းတွေရဲ့ လုပ်ငန်းတစ်ခုဖြစ်တဲ့ မြန်မာနိုင်ငံသတင်းစာသမိုင်းပြုစုရေးလုပ်ငန်းတွေကို တာဝန်ယူဖူးတယ်။ သုတေသန အတိုအထွာ လုပ်ဖူးတယ်။

သတင်းစာဆရာကြီး လူထုဦးလှရေးတဲ့ 'သတင်းစာများသည် သမိုင်းကို ပြောနေကြသည်'ကို ဖတ်ရတော့ သတင်းစာရဲ့ သမိုင်းတန်ဖိုးကို နားလည်ရတယ်။ ဟံသာဝတီ စနေစာပေပိုင်းကထုတ်တဲ့ 'ပြည်သူတို့၏ စကားပြန်'ကို ဖတ်ရတော့ သတင်းစာတွေရဲ့ ပေါင်းကူးတန်ဖိုးကို နားလည်ရတယ်။ မောင်သစ်လွင်(လူထု)ရဲ့ 'တိုက်ပွဲဝင် သတင်းစာ'ကို ဖတ်ရတော့ သတင်းစာရဲ့ တိုက်ပွဲဝင်တန်ဖိုးကို နားလည်ရတယ်။

ယခု ဝင်းဇော်လတ်ရဲ့ 'သတင်းစာတွေ ပြောတဲ့ ၈၈၈၈ အရေးတော်ပုံ'ကို ဖတ်ရတော့ ပြည်သူလူထုကြီးရဲ့ သမိုင်းပြောင်တဲ့ ဒီမိုကရေစီတိုက်ပွဲ မာန်ဟုန်တန်ဖိုးကို နားလည်ရရုံမက သတင်းစာတွေရဲ့ တော်လှန်-မာန်-ဉာဏ်သတ္တိတန်ဖိုးကိုပါ သဘောပေါက်ရတယ်။

ပြည်သူ့အရေးတော်ပုံကြီးဟာ တိုက်ပွဲသက် မရှည်ရှာပါဘူး။ လက်နက်မဲ့ ငြိမ်းချမ်းဆန္ဒပြသက် ရက်ပေါင်း(၄၀) ပဲ ရှည်ကြာခဲ့တယ်။ တိုတောင်းကြွေလွင့်ချိန်အတွင်းမှာပဲ အရေးတော်ပုံကြီးဟာ ထွန်းပြောင်လင်းလက်တဲ့ သမိုင်းတစ်ခေတ်ကို ထူထောင်ပိုင်စိုးခဲ့တယ်။

ပြည်သူ့အရေးတော်ပုံကြီးနဲ့အတူ ပေါက်ဖွားကြီးပြင်းခဲ့တဲ့ မော်ကွန်းထိုးသတင်းစာတွေဟာလဲ အာဏာဖီဆန် တော်လှန်သတင်းစာ သမိုင်းခေတ်ကို ထူထောင်ပိုင်စိုးခဲ့တယ်။

ရှစ်လေးလုံး ကာလတုန်းက သမိုင်းပြောင်ခဲ့ကြတဲ့ သတင်းစာတွေရဲ့ အာဏာဖီဆန် တော်လှန်စိတ်ဓာတ် အားမာန်လှုပ်ရပ်တွေဟာ စစ်အာဏာရှင် စစ်အစိုးရကာလတွေမှာ အာဏာရှူး ကြောက်ဒူးထောက် စိတ်ဓာတ်တွေ ဖုံးပိတ်တဲ့ သတင်းစာ ခေတ်ကာလတွေကို သမိုင်းကန့်လန့်ကာနောက်ကွယ်က လှောင်ပြောင်ပြက်ရယ်နေတယ်။

ပြက်ရယ်စရာ ဖြစ်ပေမဲ့ စာနယ်ဇင်း ဥပမိရုပ်တခုလုံးအဖို့ကတော့ ရှက်ဖွယ်မဖြစ်ခဲ့ပါဘူး။ တရားကိုယ်သဘောပြောရရင် စာနယ်ဇင်းတွေဆိုတာ ကိုယ်၌က အလင်းသတ္တိတွေ ကိန်းအောင်းရာ ဖြစ်တယ်။ လျှပ်စစ်မီးသီးတစ်လုံးဟာ လင်းချင် လင်းမယ်။ မှောင်ချင်မှောင်ချင် မှောင်မယ်။ ဘယ်လိုဖြစ်ဖြစ် လျှပ်စစ်မီးသီး ဆိုတာ အလင်းရဲ့သင်္ကေတပဲ။ အမှောင်ခွင်းသတ္တိရဲ့ လက္ခဏာပဲ။ ဒီသဘောဟာ စာနယ်ဇင်းရဲ့ သဘာဝသတ္တိပဲ။ အချွတ္တ စွမ်းအင်ပဲ။

ဒီအယူအဆကို နှစ်(၅၀) ကျော်က မာရှယ်မက္ကလူဟန် (Marshall Mcluhan) ရေးခဲ့တဲ့ စာနယ်ဇင်းသည် သတင်းသဝဏ် (The Medium is the Message) ကမ္ဘာကျော်စာအုပ်မှာ အကျယ်တဝင့်ရေးခဲ့တယ်။

အာဏာဖီဆန် တော်လှန်သတင်းစာတွေဟာ အရေးတော်ပုံကြီးရဲ့ ဂုဏ်ရောင်ကို ထွန်းပြောင်လင်းလက်စေခဲ့တယ်။

ဒီမိုကရေစီ အရေးတော်ပုံကြီး သက်တမ်းရာထောင်ရှည်ပါစေ။

အာဏာဖီဆန် တော်လှန်စာနယ်ဇင်းသမိုင်း သက်တမ်းရာထောင်ရှည်ပါစေ။

ဟံသာဝတီ ဦးဝင်းတင်

၈၊ ဩဂုတ်၊ ၂၀၁၃။